# ၂၀၁၆ အလှဲ့အပြောင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ ခုနှစ်တွင် ပထမဆုံး ပေါ်ပေါက်လာသော သမ္မတ ဦးသိန်းစိန်အစိုးရနှင့် ၂၀၁၆ ခုနှစ်တွင် အနိုင်ရ အင်န်အယ်ဒီအစိုးရတို့ အာဏာအလှဲ့အပြောင်းမှသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးကာလတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေး ရေချိန်များ အထူးသဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲဆိုင်ရာ အခြေအတင်ဖြစ်မှုများနှင့် ပြဿနာများ၊ တပ်မတော်၏ ရွေးကောက်ပွဲတွင် မသမာမှုဖြစ်နိုင်သည့် ထောက်ပြချက်များအကြောင်းတို့ကို ဖော်ပြထားသည်။

၂၀၁၆ အလှဲ့အပြောင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲစာအုပ်ပါ အကြောင်းအရာများသည် အမ်ကေမီဒီယာ၊ ဧရာဝတီမီဒီယာ၊ မဇ္ဈိမတီဗွီ၊ ဆဲဗင်းဒေးအွန်လိုင်း စသည်တို့နှင့် တွေ့ဆုံ မေးမြန်းထားသည့်အကြောင်းအရာများ၊ ရဲထွန်း၏ ဖေ့စ်ဘုတ် စာမျက်နှာများတွင် ဖော်ပြခဲ့သော ဆောင်းပါးများကို တည်းဖြတ်ဖော်ပြထားသည်။

အထူးဆောင်းပါးအနေဖြင့် နိုင်ငံတကာတွင် အသုံးပြုနေသော အများစုကိုယ်စားပြုစနစ်၊ အချိုးကျကိုယ်စားပြုစနစ်နှင့် တစ်စိတ်တစ်ပိုင်းအချိုးကျကိုယ်စားပြုစနစ် အစရှိသည့် ရွေးကောက်ပွဲစနစ်များအကြောင်းကို သုတေသနပြု ရေးသားထားသည့် ဆောင်းပါးကို သီးခြားဖော်ပြထားသည်။

# မာတိကာ


ကျွန်တော့်စာတွေအကြောင်း ၇

၁ ၂၀၁၆ အလှဲ့အပြောင်း ၉

၂ ၂၀၁၀ နဲ့ ၂၀၂၀၊ အန်ကယ်နဲ့ အန်တီ ၅၇

၃ ဦးတင်အေးနှင့် ဦးလှသိန်း ၆၀

၄ ပလက်ဝကော်မရှင် ၁၀၁

၅ ရွေးကောက်ပွဲအကြိုကာလ မှန်းဆချက်များ (မြတ်နိုင်နှင့်) ၁၀၅

၆ ရွေးကောက်ပွဲနေ့ သုံးသပ်ချက် (မဇ္ဈိမနှင့်) ၁၃၃

၇ ရွေးကောက်ပွဲအလွန်ကာလ သုံးသပ်ချက် (ဦးသီဟနှင့်) ၁၄၇

၈ တပ်က တစ်ညလုံး ပြည်နိုင်ငြိမ်းကို စွန့်ပစ်လိုက်တာလား (ရဲနိုးနှင့်) ၁၅၉

၉ ဗိုလ်လှုကြီးရဲ့တာဝန် ၁၆၉

၁၀ စာရွှန်တော်နဲ့ ရွေးကောက်ပွဲကော်မရှင် ၁၇၃

၁၁ ရှင်းလေရှုပ်လေ ရွေးကော် ၁၇၇

၁၂ တပ်မတော်နဲ့ ရွေးကော် ၁၈၁

၁၃ နိုင်ငံတကာ ရွေးချယ်တင်မြှောက်ပုံ နည်းစနစ်များ ၁၈၇


# ကျွန်တော့်စာတွေအကြောင်း

"၂၀၁၆ အလှဲ့အပြောင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲ" စာအုပ်သည် ၂၀၂၀ ရွေးကောက်ပွဲ အကြိုကာလနှင့် ရွေးကောက်ပွဲအလွန်ကာလ Facebook စာမျက်နှာပေါ်တွင် ရေးသားခဲ့သည့် ဆောင်းပါးများ၊ မီဒီယာ တွေ့ဆုံမြေကြားမှုများနှင့် ၂၀၁၇ ခုနှစ်က အင်တာနေရှင်နယ် အလဲဗင်း ဂျာနယ်တွင် ရေးသားခဲ့သည့် ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်ပါသည်။

၂၀၁၆ အလှဲ့အပြောင်းဆောင်းပါးများမှာ မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အရေးပါသည့်၊ အလှည့်အပြောင်းဖြစ်သည့် ငြိမ်းချမ်းစွာ တာဝန်လွှဲပြောင်းမှုအတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အတိုက်အခံပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရေးသားထားခြင်းဖြစ်ပါသည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး၊ ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုရေးတို့နှင့် ပတ်သက်သည့် စိုးရိမ်မှုတွေ ပပျောက်စေပြီး ငြိမ်းချမ်းစွာ တာဝန်လွှဲပြောင်းနိုင်ခဲ့သည့်အတွက် ၂၀၁၆ ရွေးကောက်ပွဲလွန်ကာလတွင် နိုင်ငံသူ ပျော်နိုင်သလို ရှုံးသူများကလည်း ပြုံးနိုင်ခဲ့သည်။ ပြည်သူတွေလည်း အနာဂတ်ရေးအတွက် မျှော်လင့်ချက်တွေ ဝေဆာခဲ့သည်။ နိုင်ငံတကာအသိုင်းအဝန်းကလည်း မြန်မာ့နေဦးအတွက် ပီတိဖြစ်ကြရသည်။ ထို့ကြောင့် ၂၀၂၀ ရွေးကောက်ပွဲလွန်ကာလကိုလည်း အလားတူဖြစ်စေချင်သည့် ဆန္ဒဖြင့် ၂၀၁၆ တာဝန်လွှဲပြောင်းမှုအတွေ့အကြုံများကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအကြိုကာလတွင် ရေးသားခဲ့သည့်ဆောင်းပါးများမှာမူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပတ်သက်သည့် ဆောင်းပါးများ ဖြစ်သည်။ အထိကအားဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို ဦးစီးကျင်းပခဲ့သည့် ဦးတင်အေးကော်မရှင်နှင့် ၂၀၂၀ ရွေးကောက်ပွဲကို ဦးစီးကျင်းပပေးမည့် ဦးလှသိန်းကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို နှိုင်းယှဉ်ရေးသားထားခြင်း ဖြစ်ပါသည်။ ကျွန်တော့်အမြင်အရ ၂၀၂၀ ရွေးကောက်ပွဲသည် ၂၀၁၀ ရွေးကောက်ပွဲကဲ့သို့ပင် အာဏာရ အစိုးရက အစိုးရ၏ လုပ်ပိုင်ခွင့်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ပိုင်ခွင့်များကို အပြည့်အဝ



အသုံးချပြီး အနိုင်ယူမှုကြောင့် ရွေးကောက်ပွဲတရားမျှတမှုအပေါ် အငြင်းပွားနိုင်သည့် အလားအလာရှိသည့်အတွက် စိုးရိမ်စိတ်ဖြင့် သတိပေး ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည့် မီဒီယာတွေ့ဆုံမေးမြန်းမှုများမှာ ရွေးကောက်ပွဲရလဒ်နှင့် ရွေးကောက်ပွဲအလွန်ကာလ မြန်မာ့နိုင်ငံရေးအခြေအနေများအပေါ် ကျွန်တော်၏ အမြင်များ ဖြစ်ပါသည်။ ကျွန်တော့်အယူအဆများအပေါ် လက်မခံနိုင်သူများ ငြင်းပြင်းထန်ထန်ဝေဖန်သူများရှိလင့်ကစား ကျွန်တော်ကတော့ ကျွန်တော့် အယူအဆများပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နေဆဲ ဖြစ်ပါသည်။ ထို့ကြောင့်လည်း နောင်တစ်ချိန်တွင် မည်သူမှန်သည်၊ မှားသည်ကို ပြန်လည် သုံးသပ်နိုင်ရန်အတွက် ဆောင်းပါးပေါင်းချုပ်တွင် ပြန်လည်စုစည်း ထည့်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတကာရွေးကောက်ပွဲစနစ် ဆောင်းပါးများသည် အမျိုးသားညီလာခံတွင် ပြန်ကြားရေး ဝန်ကြီးဌာန ရုံးအဖွဲ့အနေဖြင့် တွဲဖက်ထားချိန်တွင် ရရှိခဲ့သည့် အတွေ့အကြုံများကို အခြေခံပြီး ရေးထားခြင်းဖြစ်ပါသည်။ အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် ဆွေးနွေးကြသည့်အခါ ကိုယ်စားလှယ်အချို့က အချိုးကျရွေးကောက်ပွဲစနစ်အကြောင်းကိုထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ကျွန်တော်တို့မှာ မြန်မာနိုင်ငံတွင် အစဉ်အဆက် ကျင့်သုံးခဲ့သည့် များသူအနိုင်ယူစနစ်နှင့်သာ အကျွမ်းဝင်နေခဲ့သည့်အတွက် ထိုအချိန်မှ အချိုးကျ ရွေးကောက်ပွဲစနစ်အကြောင်းကို အစမှ ပြန်လည်လေ့လာခဲ့ကြရသည်။ ထိုမှတစ်ဆင့် အချိုးကျ ရွေးကောက်ပွဲစနစ်မှာ မြန်မာနိုင်ငံနှင့်သင့်တော်သည်ဟု (မိမိအမြင်အရ) ယူဆသည့်အတွက် ၂၀၁၇ ခုနှစ်က တည်းက မိတ်ဆက်ဆောင်းပါးများ ရေးခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ၂၀၂၀ ရွေးကောက်ပွဲ သင်ခန်းစာအရ အချိုးကျရွေးကောက်ပွဲစနစ်မှာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် စဉ်းစားသင့်သည့် ရွေးကောက်ပွဲစနစ်ဟု ယူဆသည့်အတွက် ပြန်လည်ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် ဆောင်းပါးများ၊ တွေ့ဆုံမေးမြန်းမှုများမှာ ကျွန်တော့်ကိုယ်ပိုင် အယူအဆများသာဖြစ်သည့်အတွက် ပြီးပြည့်စုံသည်၊ အလုံးစုံမှန်ကန်သည်ဟု မဆိုနိုင်ပါ။ သို့သော် ရှုပ်ထွေး အကဲဆတ်လှသည့် ၂၀၂၀ ရွေးကောက်ပွဲကာလ မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို နားလည်နိုင်ရန်အတွက် ရှုထောင့်တစ်ခု၊ မှန်ကူကွက်တစ်ခုအဖြစ် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။

ရဲထွန်း

၁၆ ဇန်နဝါရီ ၂၀၂၀

ရန်ကုန်။